# မြန်မာ့ဩဘာလုပ်ငန်းစုအကြောင်း

## P. ၄ - ၁၃



# About Myanma Awba Group




မြန်မာ့သြဘာလုပ်ငန်းစုကို မြန်မာနိုင်ငံရှိ လယ်ယာလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် မြှင့်တင်ပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍကို များစွာမှီခိုအားထားနေရသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ ဤကဏ္ဍအား ပိုမိုခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်းသည် တစ်နိုင်ငံလုံးရှိ လူမှုအသိုင်းအဝိုင်းများ၏ လူမှုစီးပွားဘဝကို များစွာ အထောက်အကူပြုပေးနိုင်ပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုသည် မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများအတွက် ရေရှည်တည်တံ့ပြီး အရည်အသွေးမြင့်မားသော ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ပေးအပ်သွားရန် ကတိပြုထားပြီး တောင်သူလယ်သမားများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးလျက်ရှိပါသည်။ ထိုသို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တောင်သူလယ်သမားများ၏ ပြောင်းလဲလာသော လိုအပ်ချက်များကို အစဉ်တစိုက် ဆန်းစစ်လေ့လာပြီး တောင်သူလယ်သမားများ (သို့မဟုတ်) ဝယ်ယူအားပေးသူများနှင့် ကျယ်ပြန့်သော လူမှုအသိုင်းအဝိုင်း တစ်ခုလုံးကိုပါ အထောက်အကူပြုနိုင်မည့် ဘက်စုံလွှမ်းခြုံသော ဖြေရှင်းချက်များကို အထူးစီမံ ဖော်ဆောင်ပေးလျက်ရှိပါသည်။



## မြန်မာ့သြဘာလုပ်ငန်းစု၏ လုပ်ငန်းများစုစည်းမှု

**Myanma Awba Group Company Limited**

- **Distribution**
  - Myanmar Kaung Thu Kha Co., Ltd
  - Wisarra International Co., Ltd
  - Evogro Co., Ltd
  - Myanma San Pya Crop Nutrition Co., Ltd
  - Myanma Awba
  - Ayeyarwaddy Seeds & Irrigation Co., Ltd (ASIC)
  - Grain & Edible Oils Co., Ltd (GEOS)
  - MillCo Co., Ltd
  - Rice Co Co., Ltd
  - Pyinsa Crop Science Co., Ltd
- **Manufacturing**
  - Piti Pyae Zone Co., Ltd
  - Myanma Awba Industries Co., Ltd
  - Myanma Awba Bio-Tech Co., Ltd (MABT)
- **Services**
  - Maha Agriculture Private Co., Ltd
  - Zega Finance Co., Ltd
  - Village Link Co., Ltd
  - Heritage Property Development Co., Ltd

မြန်မာ့သြဘာလုပ်ငန်းစုသည် တောင်သူလယ်သမားများအတွက် ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ရွက်ဖျန်းမြေသြဇာနှင့် အပင်ကြီးထွားမှု ဆိုင်ရာဆေးများကဲ့သို့သော မရှိမဖြစ်လိုအပ်သည့် စိုက်ပျိုးရေး သွင်းအားစုများကို စုံလင်စွာ ထောက်ပံ့ပေးလျက်ရှိပါသည်။ ထို့အပြင် သီးနှံများ၏ အရည်အသွေးကို မြှင့်တင်ရန်နှင့် အထွက်နှုန်းတိုးတက် ကောင်းမွန်စေရန်အတွက် အရည်အသွေးမြင့် မျိုးစေ့များကိုလည်း ပံ့ပိုးပေးလျက်ရှိပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုသည် တောင်သူလယ်သမားများ၏ သီးခြား လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ထုတ်ကုန်များကို တီထွင်ထုတ်လုပ်လျက်ရှိပြီး သီးနှံအမျိုးအစားနှင့် ဒေသအပေါ်မူတည်၍ လိုက်လျောညီထွေရှိစေရန် အထူးစီမံဆောင်ရွက်ထားသည့်အပြင် တောင်သူများအနေဖြင့် သင့်တင့်သောဈေးနှုန်းဖြင့် ရရှိနိုင်စေရန်အတွက် အမျိုးအမည်စုံလင်လှသော ထုတ်ကုန်များကို ပြည်တွင်း၌ပင် ထုတ်လုပ်လျက်ရှိပါသည်။ ၎င်းအပြင် ဇီဝမြေသြဇာများ အပါအဝင် ဇီဝစိုက်ပျိုးရေးဆိုင်ရာ ဖြေရှင်းချက်များ ပိုမိုတိုးတက်လာစေရန် အတွက်လည်း ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင် လျက်ရှိပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုသည် တောင်သူလယ်သမားများကို ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိပါသည်။ တောင်သူများအနေဖြင့် ငွေကြေးအရင်းအနှီးများ ရရှိနိုင်ရန်နှင့် တိုးတက်လာသော နည်းပညာများကို အသုံးပြုနိုင်ရန်အတွက် နောက်ကျကျန်ရစ်ခြင်း မရှိစေရဘဲ ရရှိအသုံးပြုနိုင်ရန် အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့သြဘာလုပ်ငန်းစု၏ လက်အောက်ခံ ကုမ္ပဏီများမှတဆင့် ဆန်းသစ်သော ဖြေရှင်းချက်အသစ်များကို ဖော်ဆောင်ပေးလျက်ရှိပါသည်။

# မြန်မာ့သြဘာလုပ်ငန်းစု ၏ GCEO ထံမှ အမှာစာ

ချစ်ခင်လေးစားအပ်ပါသော
အကျိုးသက်ဆိုင်သူများခင်ဗျာ၊

၂၀၂၅ ခုနှစ်သည် မြန်မာ့သြဘာလုပ်ငန်းစုစတင်ခဲ့သော နှစ် (၃၀) ပြည့်သည့်နှစ် ဖြစ်သည့်အတွက် လုပ်ငန်းစုအတွက် အရေးပါသော မှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါသည်။ တောင်သူများ၏ လူနေမှုဘဝများ တိုးတက်စေရန် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များကိုပံ့ပိုးပေးမည်ဟူသော မိမိတို့၏ ရည်ရွယ်ချက်အပေါ် ကတိတည်ခဲ့ပြီး ဆယ်စုနှစ် သုံးခုတိုင်တိုင် ခိုင်မာစွာ ရပ်တည်ခဲ့ပါသည်။ ဤရည်ရွယ်ချက်သည် မြန်မာ့သြဘာလုပ်ငန်းစုကို ယနေ့အထိတိုင် လမ်းညွှန်တည့်မတ်ပေးလျက်ရှိပြီး ရှေ့ဆက်မည့်ခရီးတွင်လည်း မိမိတို့လုပ်ဆောင်သမျှအရာအားလုံး၏ အဓိကအချက်အချာအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် ၂၀၂၅ ခုနှစ်သည် မြန်မာ့သြဘာလုပ်ငန်းစု၏ ခရီးလမ်းတွင် စိန်ခေါ်မှု အများဆုံးနှစ်များထဲမှ တစ်နှစ်ဖြစ်ခဲ့ပါသည်။ နိုင်ငံ၏ အလယ်ပိုင်းဒေသတွင် ပြင်းထန်သော ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး လူ့အဖွဲ့အစည်းများကို သိသိသာသာ ထိခိုက်စေခဲ့ကာ ယိုင်နဲ့နေပြီဖြစ်သော စီးပွားရေးအခြေအနေကို ပိုမိုဆိုးရွားသွားစေခဲ့ပါသည်။ ဤအခြေအနေများသည် မြန်မာ့သြဘာလုပ်ငန်းစု၏ ကြံ့ကြံ့ခံနိုင်စွမ်းကို စမ်းသပ်ခဲ့ပြီး စည်းလုံးညီညွတ်စွာ ရပ်တည်ရန်၊ လျင်မြန်စွာ အလိုက်သင့်ပြောင်းလဲရန်နှင့် ခွန်အား၊ စာနာမှုတို့ဖြင့် တုံ့ပြန်ရန် အားပေးခဲ့ပါသည်။

ပြီးခဲ့သည့် (၁၈) လတာ ကာလအတွင်း မြန်မာ့သြဘာလုပ်ငန်းစုသည် စီးပွားရေးဖိအားများနှင့် စည်းမျဉ်းစည်းကမ်း အပြောင်းအလဲများကြောင့် ဖြစ်ပေါ်လာသော များစွာသော မသေချာမရေရာမှုများကို ဖြတ်သန်းခဲ့ရပါသည်။ တောင်သူများ၏ ဝယ်ယူနိုင်စွမ်းကျဆင်းလာခြင်းနှင့်အတူ အချို့သော ထုတ်ကုန်များအပေါ် ကန့်သတ်ချက်များက မျှော်မှန်းထားသည့် လုပ်ငန်းလည်ပတ်နိုင်စွမ်းအတိုင်း ဆောင်ရွက်နိုင်မှုကို ထိခိုက်စေခဲ့ပါသည်။ ဤကဲ့သို့သောစိန်ခေါ်မှုများ ရှိနေသော်လည်း မြန်မာ့သြဘာလုပ်ငန်းစုသည် သုံးစွဲသူများနှင့် နီးကပ်စွာ ထိတွေ့ဆက်ဆံခဲ့ပြီး ၎င်းတို့၏ ပြောင်းလဲလာသော လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်ရန် နားထောင်ခြင်း၊ သင်ယူခြင်းနှင့် အလိုက်သင့်ပြောင်းလဲခြင်းများကို လုပ်ဆောင်ခဲ့ပါသည်။ သက်ဆိုင်သူများအား ပံ့ပိုးကူညီရန်နှင့် မိမိတို့၏ ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် တိုးတက်စေရန်ဟူသော မြန်မာ့သြဘာလုပ်ငန်းစု၏ ကတိကဝတ်မှာမူ ယိမ်းယိုင်ခြင်း မရှိခဲ့ပါ။

ဤကဲ့သို့ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း မြန်မာ့သြဘာလုပ်ငန်းစုသည် ကြံ့ကြံ့ခံနိုင်စွမ်း၊ တာဝန်ယူမှုနှင့် ရေရှည်တည်တံ့သော တိုးတက်မှုတို့အပေါ် ဆက်လက်ကတိကဝတ်ပြုထားပါသည်။ ရှေ့ဆက်လှမ်းနိုင်ရန်အတွက် မြန်မာ့သြဘာလုပ်ငန်းစုမှ ဝန်ထမ်း ၃,၀၀၀ ကျော်၏ ယုံကြည်မှု၊ ကတိကဝတ်နှင့် အားစိုက်မှုတို့အပေါ် အားထားနေရသည့်အတွက် ကျွန်တော့်အနေဖြင့် အလွန်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုသည် ဝန်ထမ်းအားလုံးအတွက် ပိုမိုကောင်းမွန်သော မြန်မာ့သြဘာလုပ်ငန်းစုအဖြစ် ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပြီး ဆွဲဆောင်မှုရှိသော၊ အကျိုးခံစားခွင့်ရှိသော အခြေအနေများနှင့် အဓိပ္ပါယ်ရှိသော သက်မွေးဝမ်းကျောင်းလုပ်ငန်းခွင်လမ်းကြောင်းများ ပံ့ပိုးပေးနိုင်ရန် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ပါသည်။ နိုင်ငံတစ်ဝှမ်းရှိ တောင်သူများနှင့် နေ့စဉ် ထိတွေ့ဆက်ဆံရာတွင် ကူညီပေးနေသော မြန်မာ့သြဘာလုပ်ငန်းစု၏ ဖြန့်ချိသူ ၄,၀၀၀ ကျော်ကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။



**U Thadoe Hein**
**Group CEO**

ဤကာလအတွင်းသဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုသည် အလွန်ကြီးမားလှပါသည်။ ရာသီတိုင်ဖွန်းမုန်တိုင်းနှင့် ငလျင်တို့သည် လူသန်းပေါင်းများစွာကို ထိခိုက်စေခဲ့ပြီး လူ့အဖွဲ့အစည်းများ၏ ထိခိုက်လွယ်မှုကို ပေါ်လွင်သိသာစေခဲ့ပါသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ လုပ်ငန်းလည်ပတ်မှုအပေါ် တိုက်ရိုက်သက်ရောက်မှုနည်းပါးသော်လည်း မိမိတို့အနေဖြင့် ကူညီထောက်ပံ့မှုများ လုပ်ဆောင်ရမည့် တာဝန်ရှိကြောင်းကို အသိအမှတ်ပြုပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုသည် ငလျင်ဘေး တုံ့ပြန်မှုအနေဖြင့် အရေးပေါ် ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ကျပ် ၄ ဘီလီယံ ထည့်ဝင်ရန် ကတိပြုခဲ့ပြီး Myanma Awba Group CARE ကမ်ပိန်းသို့ မိတ်ဖက်များနှင့် မိတ်ဆွေများ ပူးပေါင်းပါဝင်ကာ ကျပ် ၀.၅ ဘီလီယံ လှူဒါန်းခဲ့သည့်အတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်မိပါသည်။ ယခုအချိန်အထိ မြန်မာ့သြဘာလုပ်ငန်းစုသည် ကျပ် ၃.၂ ဘီလီယံကို ထုတ်ပေးခဲ့ပြီး စီမံကိန်း ၁၂ ခုကို ပြီးစီးအောင် လုပ်ဆောင်နိုင်ခဲ့ပါသည်။

ဤဖြစ်ရပ်များသည် ရေရှည်တည်တံ့ခိုင်မြဲရေး၏ အရေးပါမှုကို ပိုမိုခိုင်မာစေခဲ့ပါသည်။ ရာသီဥတုဆိုင်ရာ အန္တရာယ်များ ပိုမိုပြင်းထန်လာပြီး ထုတ်ကုန်များကို တာဝန်သိစွာ အသုံးပြုရန် ပိုမိုလိုအပ်လာသည်နှင့်အမျှ ရေရှည်တည်တံ့ခိုင်မြဲသော အလေ့အကျင့်များအပေါ် မိမိတို့၏ ကတိကဝတ်ကို ပိုမိုအားဖြည့်လျက်ရှိပါသည်။ ပြီးခဲ့သည့်နှစ်တွင် မြန်မာ့သြဘာလုပ်ငန်းစု၏ ရေရှည်တည်တံ့ခိုင်မြဲရေး မဟာဗျူဟာကို ပြန်လည်သုံးသပ်ပြီး မြှင့်တင်ခဲ့ကာ ယင်းကို မိမိတို့၏ လုပ်ငန်းလည်ပတ်မှုများတွင် ပိုမိုနက်ရှိုင်းစွာ ပေါင်းစပ်ခဲ့ပြီး အနာဂတ်အတွက် အသင့်ဖြစ်နေစေရန်နှင့် အကျိုးသက်ဆိုင်သူများ၏ မျှော်မှန်းချက်များနှင့် ကိုက်ညီစေရန် ရှင်းလင်းသော ရည်မှန်းချက်များကို ချမှတ်ခဲ့ပါသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ ပထမဆုံး Better Myanma Awba Group Awards ကို စတင်နိုင်ခဲ့သည့်အတွက်လည်း ဝမ်းမြောက်မိပါသည်။ လျှောက်လွှာပေါင်း ၁၀၀ နီးပါး လက်ခံရရှိခဲ့ပြီး အနိုင်ရရှိသူ ၅ ဦးသည် ရေရှည်တည်တံ့ခိုင်မြဲရေးကို ၎င်းတို့၏ လက်တွေ့ဘဝတွင် ထည့်သွင်းရန် ခိုင်မာသော လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်လျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာကဏ္ဍ တိုးတက်ဖြစ်ထွန်းစေရေးတွင် ပါဝင်ကြိုးပမ်းနေသော ဤခေါင်းဆောင်များကို မြန်မာ့သြဘာလုပ်ငန်းစုမှ ဖော်ထုတ်အသိအမှတ်ပြုနေခြင်းကို မြင်တွေ့ရခြင်းက ခွန်အားဖြစ်စေပြီး ဤအစီအစဉ်၏ ဒုတိယအကြိမ်ကို ထပ်မံမြင်တွေ့ရရန် မျှော်လင့်မိပါသည်။

ဝန်ထမ်းများ၊ ဖြန့်ချိသူများ၊ တောင်သူဦးကြီးများနှင့် ပို့ကုန်တင်သွင်းသူများ၏ ယုံကြည်မှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဖြစ်ပေါ်လာသည့် မှတ်တိုင်တစ်ခုဖြစ်သော မြန်မာ့သြဘာလုပ်ငန်းစု၏ တောင်သူအသိုက်အဝန်းများကို နှစ်ပေါင်း ၃၀ တိုင်တိုင် ဝန်ဆောင်မှုပေးနိုင်ခဲ့သည့်အတွက်လည်း ဂုဏ်ယူမိပါသည်။ ရှေ့ဆက်မည့်အနာဂတ်ကို မျှော်ကြည့်ရာတွင် မိမိတို့ ဝန်ဆောင်မှုပေးနေသော လူ့အဖွဲ့အစည်းများအတွက် ပိုမိုကောင်းမွန်သော လူနေမှုဘဝများ ရရှိစေရေးဟူသော မြန်မာ့သြဘာလုပ်ငန်းစု၏ ရည်ရွယ်ချက်နှင့် ကတိကဝတ်ကို နောင်နှစ်ပေါင်းများစွာတိုင် ထပ်လောင်း အတည်ပြုအပ်ပါသည်။

ဤအစီရင်ခံစာနှင့် ပတ်သက်၍ အချက်အလက်များ ထပ်မံသိရှိလိုပါက (သို့မဟုတ်) အကြံပြုချက်များ မျှဝေလိုပါက မြန်မာ့သြဘာလုပ်ငန်းစု၏ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ အရာရှိချုပ်ထံသို့ အချိန်မရွေး ဆက်သွယ်နိုင်ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် မြန်မာ့သြဘာလုပ်ငန်းစု၏ အစီအစဉ်ကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကူညီပေးပါလိမ့်မည်။ ကြိုတင်၍ ကျေးဇူးတင်ရှိပါသည်။


ဦးသတိုးဟိန်း
လုပ်ငန်းစု အမှုဆောင်အရာရှိချုပ်

> “စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း မြန်မာ့သြဘာလုပ်ငန်းစုသည် ကြံ့ကြံ့ခံနိုင်စွမ်း၊ တာဝန်ယူမှုနှင့် ရေရှည်တည်တံ့သော တိုးတက်မှုတို့ အပေါ် ဆက်လက် ကတိကဝတ်ပြုထားပါသည်။”

# ရေရှည်တည်တံ့ပြီး မျှဝေတန်ဖိုးအား ဖန်တီးခြင်း

## မြန်မာ့သြဘာလုပ်ငန်းစု၏ စီးပွားရေးလုပ်ငန်းသည် အဘယ်ကြောင့် အရေးကြီးပါသနည်း။

**1.**



စိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

- နိုင်ငံ့ GDP ၏ ၂၃% ကို ပံ့ပိုးပေးခြင်း[၁]
- လူဦးရေ၏ ၄၅% အတွက် တိုက်ရိုက်အလုပ်အကိုင် ပံ့ပိုးပေးခြင်း[၂]
- ပြည်သူများ၏ ၇၀% အတွက် အဓိကအသက်မွေးဝမ်းကျောင်း အရင်းအမြစ်ဖြစ်စေခြင်း[၃]

စိုက်ပျိုးရေးသည် ပြည်သူများအတွက် အဓိကအသက်မွေးဝမ်းကျောင်း အရင်းအမြစ်အဖြစ် ဆက်လက်တည်ရှိနေသည်။ လက်ရှိစိန်ခေါ်မှုများကြားတွင် နိုင်ငံသည် စားနပ်ရိက္ခာဖူလုံမှုနှင့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ၎င်း၏ စိုက်ပျိုးရေးကဏ္ဍအပေါ် ပိုမိုမှီခိုလာရသည်။

**2.**

awba group

မြန်မာ့သြဘာလုပ်ငန်းစုသည် အောက်ပါကဏ္ဍစုံသော ဖြေရှင်းနည်းများဖြင့် တောင်သူလယ်သမားများအား ပံ့ပိုးကူညီလျက်ရှိပါသည်။

- ၁၇ ခုသော သီးသန့်စီးပွားရေးလုပ်ငန်းအဖွဲ့များ
- မြန်မာ့သြဘာလုပ်ငန်းစုသည် မှော်ဘီတွင်ရှိသော ထုတ်လုပ်ရေးဌာနနှင့် သုတေသနဌာနတို့ကို မှီခိုအားထားလျက်ရှိပါသည်။

မြန်မာ့သြဘာလုပ်ငန်းစု၏ စီးပွားရေးလုပ်ငန်းအဖွဲ့များမှ ကမ်းလှမ်းသော မတူကွဲပြားသော ဝန်ဆောင်မှုများသည် တောင်သူလယ်သမားများထံသို့ ပြည့်စုံသော ဖြေရှင်းနည်းများကို ပေးအပ်နိုင်စေပါသည်။ ၎င်းဝန်ဆောင်မှုများသည် သင့်လျော်သောထုတ်ကုန်များဖြစ်သည့် မျိုးစေ့များ၊ စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများနှင့် ဓာတ်မြေဩဇာများကို သုံးစွဲခွင့်ရရှိစေရန်နှင့် ၎င်းတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို မြှင့်တင်ရန် ဘဏ္ဍာငွေနှင့် နည်းပညာတို့ကို သုံးစွဲခွင့်ရရှိစေရန် ပံ့ပိုးပေးခြင်းတို့ ဖြစ်ပါသည်။

**3.**



၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း ဖောက်သည် ၅၁၅,၀၀၀ ကျော်အား ဝန်ဆောင်မှုပေးခဲ့ပါသည်။

- ၃,၀၀၀ ကျော်သော ဝန်ထမ်းများသည် မြန်မာ့သြဘာလုပ်ငန်းစု၏ လယ်သမားများအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများနှင့် အကူအညီများ ပေးအပ်ရန် နေ့စဉ်လုပ်ကိုင်လျက်ရှိပါသည်။
- ၂၂၂,၉၀၀ ကျော်သော လယ်သမားများအား မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်များကို ထိရောက်စွာ အသုံးပြုရန် လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုသည် ၄,၀၀၀ ကျော်သော ဖြန့်ဖြူးရောင်းချသူများ၏ ကွန်ရက်နှင့် ပူးပေါင်းကာ စိုက်ပျိုးရေးပညာရှင်များ၏ ကျွမ်းကျင်မှုတို့ကို အသုံးပြု၍ နိုင်ငံတစ်ဝန်းရှိ လယ်သမားများနှင့် နေ့စဉ်ထိတွေ့ဆက်ဆံပြီး မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်များကို အကောင်းဆုံးအသုံးပြုနိုင်ရန် လမ်းညွှန်ပေးခဲ့ပါသည်။



### မြန်မာ့သြဘာလုပ်ငန်းစု၏ စီးပွားရေးလုပ်ငန်းသည် အဓိကလုပ်ဆောင်ချက် ငါးမျိုးကို လုပ်ကိုင်လျက်ရှိပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုသည် တောင်သူလယ်သမားများအား အရည်အသွေးမြင့် ပြောင်းစေ့များ၊ ဟင်းသီးဟင်းရွက်များ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစေ့များကို ရရှိနိုင်ရန်နှင့် မတူညီသော သီးနှံအမျိုးမျိုးတို့ကို စိုက်ပျိုးနိုင်ရန် သေချာစေပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် တန်ဖိုးများ ဖန်တီးရန် ဖော်ပြပါအရင်းအနှီး ငါးမျိုးကို မှီခိုအားထားပါသည်-

၁။ မြန်မာ့သြဘာလုပ်ငန်းစုရှိ ဝန်ထမ်းများ၏ကျွမ်းကျင်မှု၊ စိတ်အားထက်သန်မှုနှင့် အလုပ်အပေါ်ရင်းနှီး မြုပ်နှံထားမှုတို့သည် မြန်မာ့သြဘာလုပ်ငန်းစု၏ လူသားအရင်းအမြစ်ဖြစ်ပါသည်။

၂။ နိုင်ငံတွင်းနှင့်နိုင်ငံခြားရှိ ဖြန့်ဖြူးရောင်းချသူများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ကုန်ကြမ်းပေးသွင်းသူများနှင့် တည်ဆောက်ထားသော ဆက်ဆံရေးများသည် မြန်မာ့သြဘာလုပ်ငန်းစု၏ လူမှုအရင်းအနှီးဖြစ်ပါသည်။

၃။ မြန်မာ့သြဘာလုပ်ငန်းစု၏ စက်မှု လုပ်ငန်းနေရာများ၊ ထုတ်လုပ်ရေးစက်ရုံများနှင့် အခြားသော စက်မှုလုပ်ငန်းဆိုင်ရာ အခြေခံ အဆောက်အဦးများသည် မြန်မာ့သြဘာလုပ်ငန်းစု၏ စက်မှုအရင်းအနှီး ဖြစ်ပါသည်။

၄။ မြန်မာ့သြဘာလုပ်ငန်းစု၏ ဉာဏအရင်းအနှီးသည် မိမိတို့၏ဆန်းသစ်တီထွင်နိုင်စွမ်း၊ ထုတ်ကုန်အသစ်များနှင့် ဖြေရှင်းနည်းများကိုဖန်တီးနိုင်စွမ်းနှင့် မြန်မာနိုင်ငံတွင် လူသိများသော မိမိတို့၏ ကုန်အမှတ်တံဆိပ်များကို ရည်ညွှန်းပါသည်။

၅။ မြန်မာ့သြဘာလုပ်ငန်းစု၏ သဘာဝအရင်းအနှီးသည် မိမိတို့လုပ်ငန်းလည်ပတ်ရန် လိုအပ်သော သဘာဝ အရင်းအမြစ်များသာမက စိုက်ပျိုးရေးလုပ်ငန်းအတွက် အရေးပါသော သဘာဝဂေဟစနစ်မှ ပေးစွမ်းသော ဝန်ဆောင်မှုများလည်း ပါဝင်ပါသည်။

၁။ ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံ စာရင်းအင်းအနှစ်ချုပ်
၂။ ကမ္ဘာ့ဘဏ် https://data.worldbank.org/indicator/SL.AGR.EMPL.ZS?locations=MM.
၃။ ကမ္ဘာ့ဘဏ် https://www.fao.org/family-farming/countries/mmr/en/.

| အရင်းအနှီးများ | မြန်မာ့သြဘာလုပ်ငန်းစု၏ အရင်းအမြစ် ထည့်သွင်းမှုများ | မြန်မာ့သြဘာလုပ်ငန်းစု၏ ရလဒ်များ (၂၀၂၄ ဧပြီလ – ၂၀၂၅ စက်တင်ဘာလ) |
|---|---|---|
| လူသားအရင်းအနှီး | • မြန်မာ့သြဘာလုပ်ငန်းစုတွင် ၂၀၂၅ ခုနှစ် စက်တင်ဘာလကုန်၌ လုပ်ကိုင်လျက်ရှိသော ဝန်ထမ်း ၃,၀၀၅ ဦး<br>• မြန်မာ့သြဘာလုပ်ငန်းစု၏ လုပ်သားအင်အားကို စီမံခန့်ခွဲရန် ရည်ရွယ်ထားသော HR အဖွဲ့ ၁ ဖွဲ့<br>• HSE အဖွဲ့ ၁ ဖွဲ့<br>• တရားမျှတသည့်၊ လူတိုင်းပါဝင်နိုင်သောနှင့် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်တစ်ခု တည်ဆောက်ရန် မူဝါဒအစုံ | • ဝန်ထမ်း ၂၁၄ ဦးအား ရာထူးတိုးမြှင့်ခဲ့ခြင်း<br>• ဝန်ထမ်း ၉၁၆ ဦး ခန့်အပ်ခဲ့ခြင်း<br>• ဝန်ထမ်း ၉,၄၄၂ ဦး လေ့ကျင့်ပေးခဲ့ခြင်း<br>• စုစုပေါင်း ၁,၆၈၉ နာရီ သင်ကြားပို့ချခဲ့ခြင်း<br>• မတော်တဆမှု ၈၃ ကြိမ်နှင့် အသက်ဆုံးရှုံးမှု ၁ ကြိမ် မှတ်တမ်းတင်ခဲ့ခြင်း<br>• ကျင့်ဝတ်ဖောက်ဖျက်မှု ၁၈ ကြိမ် မှတ်တမ်းတင်ခဲ့ခြင်း |
| လူမှုအရင်းအနှီး | • ၂၀၂၅ ခုနှစ် စက်တင်ဘာလကုန်တွင် မြန်မာ့သြဘာလုပ်ငန်းစုနှင့် လက်တွဲလုပ်ကိုင်ခဲ့သော ဖြန့်ဖြူးရောင်းချသူ ၄,၂၀၀+ ကျော်<br>• ၂၀၂၅ ခုနှစ် စက်တင်ဘာလကုန်တွင် မြန်မာ့သြဘာလုပ်ငန်းစုနှင့် လက်တွဲလုပ်ကိုင်ခဲ့သော ကုန်ပစ္စည်းပေးသွင်းသူ ၄၁၂ ဦး<br>• လူထုထံမှ တိုင်ကြားချက် ၅ ခု | • ၁၅၉,၀၀၀ ကျော်သော လယ်သမားများအား ဝန်ဆောင်မှုပေးခဲ့ခြင်း<br>• မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်များကို တာဝန်ယူမှုရှိစွာ အသုံးချနိုင်ရန် သင်တန်းပေါင်း ၈,၁၇၃ ခုကို ပြုလုပ်ခဲ့ခြင်း<br>• ၂၂၃,၀၃၂ ဦးသော လယ်သမားများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း<br>• ၈၅% သော မြန်မာ့သြဘာလုပ်ငန်းစု၏ အသုံးစရိတ်ကို မြန်မာနိုင်ငံရှိ ပံ့ပိုးသူများဖြင့် ပြုလုပ်ခဲ့ခြင်း<br>• ၂၀၂၅ ခုနှစ်အတွင်း လူထုထံမှ တိုင်ကြားချက် ၅ ခုကို ဖြေရှင်းခဲ့ခြင်း |
| စက်မှုအရင်းအနှီး | • ကုန်ထုတ်လုပ်ရေးစက်ရုံ ၃ ရုံ<br>• ပြောင်းဖူးအခြောက်ခံစက်ရုံ ၁ ရုံ<br>• ဇီဝမြေသြဇာစက်ရုံ ၁ ရုံ | • လယ်သမား ၁,၀၀၀+ မှ အကျိုးတူလယ်ယာစနစ်ဖြင့် စိုက်ပျိုးရန် စာချုပ်ချုပ်ဆိုထားပြီး ပြောင်းဖူး ၅,၀၀၀ ဧက စိုက်ပျိုးထားခြင်း<br>• ဇီဝမြေသြဇာ ယူနစ် ၁,၀၀၀ ကို ဈေးကွက်အတွင်း လစဉ်ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိခြင်း |
| ဉာဏအရင်းအနှီး | • R&D အဖွဲ့ ၁ ဖွဲ့နှင့် ဓာတ်ခွဲခန်း ၁ ခန်း<br>• လယ်သမားများအတွက် နည်းပညာဆိုင်ရာ ဖြေရှင်းနည်းအသစ်များ ပေးနိုင်ရန်အတွက် မြှုပ်နှံထားသော အဖွဲ့ ၁ ဖွဲ့ | • မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်အစုအဝေးတွင် ၅၀၃ မျိုးသော ထုတ်ကုန်များ ပါဝင်ခြင်း<br>• ထုတ်ကုန်အသစ် ၆၆ မျိုးအား ထပ်မံထုပ်လုပ်ခဲ့ခြင်း |
| သဘာဝအရင်းအနှီး | • ၂၁၈,၀၀၀ တန်ကျော် ကုန်ကြမ်းများအား အသုံးပြုခဲ့ခြင်း<br>• ၃၆ MWh စွမ်းအင်အား အသုံးပြုခဲ့ခြင်း<br>• ရေ ၅၉,၂၆၁ ကုဗမီတာ ရေ သုံးစွဲခဲ့ခြင်း<br>• မြန်မာ့သြဘာလုပ်ငန်းစု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည်ကို စောင့်ကြည့်ရန် တာဝန်ရှိသောအဖွဲ့ ၁ ဖွဲ့ | • ၄၇၃ တန် စွန့်ပစ်ပစ္စည်းများ ထုတ်လုပ်ခဲ့ခြင်း<br>• eq. $CO_2$ ၁၂,၁၅၆ တန် ထုတ်လွှတ်ခဲ့ခြင်း<br>• မြန်မာ့သြဘာလုပ်ငန်းစု၏ လေထုထုတ်လွှတ်မှုမှတ်တမ်းများသည် နိုင်ငံတော် လမ်းညွှန်ချက်များနှင့် ကိုက်ညီခဲ့ခြင်း |



